# ဂျာနယ်ကျော်မမလေး၏ "လှတစ်မျက်နှာ" ဝတ္ထုတိုများမှ အမျိုးသမီး ဇာတ်ဆောင်စရိုက်အဖွဲ့များ

ခင်အုန်းမြင့်*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် ဂျာနယ်ကျော်မမလေး၏ လှတစ်မျက်နှာဝတ္ထုတိုများမှ အမျိုးသမီး ဇာတ်ဆောင်စရိုက်အဖွဲ့များကို လေ့လာတင်ပြထားသော စာတမ်း ဖြစ်ပါသည်။ ဤစာတမ်း၏ ရည်ရွယ်ချက်မှာ ဂျာနယ်ကျော်မမလေး၏ အမျိုးသမီး ဇာတ်ဆောင်စရိုက်အဖွဲ့ဖန်တီးပုံကို သိရှိစေလိုခြင်းဖြစ်ပါသည်။ ဂျာနယ်ကျော် မမလေး၏ "လှတစမျက်နှာ" ဝတ္ထုတိုစာအုပ် (၁၉၆၄–ခုနှစ်)ကို အလေ့လာခံ အဖြစ် အသုံးပြုထားပါသည်။ ဇာတ်ဆောင် စရိုက်ဖန်တီးမှုလေ့လာသည့် နည်း စနစ်များကို အသုံးပြု၍ လေ့လာတင်ပြထားပါသည်။ ဂျာနယ်ကျော်မမလေး၏ ဇာတ်ဆောင်စရိုက် ဖန်တီးမှု အတတ်ပညာကို သိရှိနိုင်မည်ဖြစ်ပါသည်။

သော့ချက်စကားလုံး။ ။ ဝတ္ထုတို၊ ဇာတ်ဆောင်စရိုက်၊ ဖန်တီးမှု၊ နည်းပညာ။

## နိဒါန်း

ဝတ္ထုစာပေသည် လူ့အကြောင်း၊လောကအကြောင်းကို စိတ်ကူးဉာဏ်ဖြင့် ဖန်တီးရေးသားထားသော ရသစာပေဖြစ်ပါသည်။ ဝတ္ထုတွင် ဝတ္ထုရှည်၊ ဝတ္ထုတို ဟူ၍နှစ်မျိုးရှိပါသည်။ ဝတ္ထုတိုဟူသည်မှာ အချိန်အနည်းငယ်အတွင်းဖတ်နိုင်သောစာမျိုးဖြစ်ပြီး ကျစ်ကျစလျစ်လျစ် ရေးဖွဲ့တင်ပြရပါသည်။ ဝတ္ထုတိုတွင် ဇာတ်ဆောင်အနည်းငယ်ကိုသာ အသုံးပြုရပါသည်။ ဝတ္ထုရေးရာတွင် တိုတိုတုတ်တုတ် လိုရင်းကို ချုပ်၍ စကားလုံးအပိုများ မပါစေရဘဲ ဇာတ်ကွက်လည်း ပေါ်အောင် ဇာတ်ဆောင်များ၏ လူစရိုက် လူ့သဘာဝများလည်းပေါ်အောင်ရေးရပါသည်။ ဝတ္ထု၏အဆုံးတွင် စာဖတ်သူ နှစ်သက်လက်ခံသောအခြေအနေ ရှိရပြီး ဘဝင်ကျစေရပါသည်။

ဝတ္ထုတွင် ဇာတ်လမ်း၊ဇာတ်ဆောင်၊ နောက်ခံဝန်းကျင် ဖြစ်သော အင်္ဂါရပ်များ ပါဝင်ရပါသည်။ ဇာတ်ဆောင်ဆိုသည်မှာ ဇာတ်လမ်းအဖြစ်အပျက်များတွင် ပါဝင်လှုပ်ရှား သရုပ်ဆောင်နေရသူများဖြစ်ပါသည်။ ဝတ္ထုဇာတ်လမ်းတွင် တစ်နည်းနည်းဖြင့် ပါဝင်သူ ဟူသမျှကို ဇာတ်ဆောင်ဟု ခေါ်ပါသည်။ ဇာတ်ဆောင်များ၏ လှုပ်ရှားမှုသဘာဝကျပါက ဝတ္ထုသည် သက်ဝင်လှုပ်ရှား၍ ရသမြောက် ဝတ္ထုကောင်းတစ်ပုဒ်ဖြစ်လာမည်။ ဇာတ်ဆောင်များ၏ လှုပ်ရှားမှု သဘာဝမကျလျှင် ဝတ္ထုကောင်းတစ်ပုဒ် မဖြစ်နိုင်ပါ။

ဇာတ်ဆောင်စရိုက်ဟူသည်မှာ ဇာတ်ဆောင်၏ ကိုယ်၊ နှုတ်၊ နှလုံး ကံသုံးပါးအမူအရာ အလေ့အထကိုဆိုလိုပါသည်။ ဝတ္ထုတွင် ဇာတ်ဆောင်စရိုက် ဖန်တီးမှုမှာ အလွန်အရေးပါသည်။ ဖန်တီးမှုဆိုသည်မှာ စီမံပြုလုပ်ခြင်းဖြစ်ပါသည်။ အတတ်ပညာ၏သဘောမှာ စာဖတ်သူ နှစ်သက်လက်ခံလာအောင် စာရေးသူက ဖန်တီးအားထုတ်ထားခြင်းဖြစ်ပါသည်။ ဇာတ်ဆောင်စရိုက်ဖန်တီးမှု

---

* တွဲဖက်ပါမောက္ခ၊ ဒေါက်တာ၊ မြန်မာစာဌာန၊ မန္တလေးတက္ကသိုလ်

အားကောင်းလျှင် အားကောင်းသလောက် ဇာတ်ဆောင်များသည် သက်ရှိလူသားကဲ့သို့ လှုပ်ရှားသက်ဝင်၍ နှစ်သက်စဖွယ် ဖြစ်လာရပါသည်။ လူ့သဘော၊ လူ့သဘာဝများ ထင်ဟပ်နေ၍ ရသသက်သက်ကိုသာမက လက်တွေ့ အကျိုးအကြောင်း ဆင်ခြင်ခွင့်ရသောကြောင့် ဘဝ အာနိသင်ရသကိုပါ ခံစားရစေပါသည်။ ဂျာနယ်ကျော်မမလေး၏ ဝတ္ထုတိုများမှ အမျိုးသမီးဇာတ်ဆောင်စရိုက်အဖွဲ့များမှာ အသေးစိတ်လွန်းခြင်း၊ သရုပ်ပေါ်အောင်ရေးဖွဲ့နိုင်ခြင်းတို့ကြောင့် စာဖတ်သူတို့၏ စိတ်မျက်စိ၊ စိတ်နားတွင် မြင်ယောင်ယောင် ကြားယောင်ယောင်ဖြစ်လာရပါသည်။ လူ့သဘော၊ လူ့သဘာဝများ ပေါ်လွင်သောကြောင့် ဝတ္ထုတိုကောင်းများအဖြစ်သတ်မှတ် ခြင်းခံရပါသည်။

ကျွန်မသည် ဂျာနယ်ကျော်မမလေး၏ လုတစ်မျက်နှာ ဝတ္ထုတိုများလေ့လာချက်ဖြင့် မဟာဝိဇ္ဇာ ကျမ်းကို (၁၉၉၈-ခုနှစ်) က တင်သွင်းခဲ့ပါသည်။ ထိုကျမ်းမှာ ဝတ္ထုတိုများ၏အကြောင်းအရာ လေ့လာချက် နှင့် အရေးအသား လေ့လာချက် ကို သုတေသနပြုထားခြင်းဖြစ်ပါသည်။ ယခုကဲ့သို့ ဇာတ်ဆောင်စရိုက်ဖန်တီးမှု နည်းစနစ်ဖြင့်လေ့လာထားသော ကျမ်းများ၊ စာတမ်းများမရှိသေးပါ။ ယခင်လေ့လာပြီးသော နည်းစနစ်များနှင့်ကွဲပြားခြားနားသော သုတေသန ထုတ်ဖော်ချက်ဖြစ်ပါသည်။ ဂျာနယ်ကျော်မမလေး၏ လုတစ်မျက်နှာ ဝတ္ထုတိုများ စာအုပ်တွင် ဝတ္ထုတို (၉) ပုဒပါဝင် ပါသည်။ ၎င်းတအနက်မှ (၁)မြက်ကလေးတစ်ပင်၊(၂)လုတစ်မျက်နှာ၊ (၃)အားမကျပေါင်ရှင်၊ (၄)ကာဖီ တို့မှ အမျိုးသမီးစရိုက်အဖွဲ့များကို လေ့လာ တင်ပြပါမည်။ လေ့လာရာတွင် ဇာတ်ဆောင် စရိုက်ဖန်တီးမှု နည်းနာများနှင့် တိုက်ဆိုင်၍ ချိန်ထိုး ပြီးနှိုင်းယှဉ်လေ့လာတင်ပြထားပါသည်။

ဤစာတမ်းသည် ဇာတ်ဆောင်စရိုက်ဟူသည်အဘယ်နည်း။ ဇာတ်ဆောင်စရိုက်အဖွဲ့များသည် ဝတ္ထုဖတ်သူကိုလူမှုဆိုင်ရာ ဘဝအသိအမြင်မ|ားမည်သို့ ပေးနိုင်သနည်း ဟူသောသုတေသနမေးခွန်းများ ကိုဖော်ထုတ်လေ့လာထားခြင်းဖြစ်ပါသည်။

ဤစာတမ်းတွင် မောင်ထင်၏ဘဝသရုပ်ဖော် ဝတ္ထုရှည်စာတမ်းများ (ဒုတိယတွဲ)မှ ဇာတ်ဆောင် စရိုက်ဆိုင်ရာအယူအဆများ၊ မြန်မာစာရေးဆရာများနှင့်စာစုစာရင်း စာအုပ်မှ ဂျာနယ်ကျော် မမလေး၏ အတ္ထုပ္ပတ္တိ၊ မြန်မာအဘိဓာန်စာအုပ်မှ ဇာတဆောင်စရိုက်ဖွင့်ဆိုချက်၊ ဦးပုည၏ ဝတ္ထုလေးပုဒအမှာစာမှ မင်းသုဝဏ်၏ ဇာတ်ဆောင်စရိုက်ဖန်တီးသောနည်းများ၊ ဝတ္ထုရေးလိုသော် စာအုပ်မှ ဇာတ်ဆောင် စရိုက်ဖန်တီးသောနည်းများကို အကိုးအကားအထောက်အထားများအဖြစ် သတ်မှတ်သုံးစွဲ ထားပါ သည်။

## ၁။ ဂျာနယ်ကျော်မမလေး၏အတ္ထုပ္ပတ္တိအကျဉ်း

ဂျာနယ်ကျော်မမလေး၏ အမည်ရင်းမှာ မတင်လှိုင်ဖြစ်ပြီး ဘိုကလေးမြို့နယ် ကမာကလူကျေးရွာ၌ဒေါ်ဆင်ဘဏ်မန်နေဂျာ ဦးပျားချို၊ ဒေါ်ကြီတို့မှ (၁၉၁၇)ခုနှစ်ဧပြီလ(၁၃)ရက် သောကြာနေ့တွင် မွေးဖွားသည်။ မွေးချင်းငါးယောက်အနက် စတုတ္ထမြောက်သမီးဖြစ်သည်။ (၁၉၂၂)ခုနှစ်ဖျာပုံအေဘီအမ်ကျောင်း၌ ကေ|ာင်းစနေခဲ့သည်။ ဘိုကလေးမြို့ အစိုးရကျောင်းမှ (၁၉၂၇) ခုနှစ်တွင် သတ္တမတန်းအောင်သည်။ ထို့နောက်ရန်ကုန်မြို့မ အမျိုးသမီးကျောင်း၌ နဝမတန်းအထိ ပညာသင်ကြားခဲ့သည်။

သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတွင် စိတ်ဝင်စားသူပီပီ မိန်းကလေးများ ထိုခေတ်က ကြက်တောင်ရိုက်သည်ကို မောင်းသတင်းစာက ကဲ့ရဲ့လှောင်ပြောင်သည့်အတွက် ဒေါ်တင်လှိုင်က ပြန်လည်ချေပရှင်းလင်းသော ဆောင်းပါးရေးခဲ့သည်။ အမျိုးသမီးများ ဏကြီးသတ်ညဏ်ရှိကြရန် ရေးသူ ရဝေလှိုင် အမည်ဖြင့်မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြခဲ့ရာမှစပြီး အယ်ဒီတာ ဦးချစ်မောင် နှင့်သိကျွမ်းလာခဲ့သည်။ (၁၉၃၈)ခုနှစ်တွင် မြန်မာ့အလင်းသတင်းစာ အယ်ဒီတာချုပ် ဦးချစ်မောင်နှင့် လက်ထပ်သည်။ (၁၉၃၉)တွင် ဂျာနယ်ကျော်ထုတ်ဝေသောအခါ ထုတ်ဝေသူအဖြစ် တာဝန်ယူပြီး ဂျာနယ်ကျော်မမလေး အမည် စတင်ခံယူ၍ ဝတ္ထု၊ ဆောင်းပါးများရေးသည်။ ဂျာနယ်ကျော်နှင့် ပြည်သူ့ဟစ်တိုင် သတင်းစာတို့၏ အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။

(၁၉၄၁)ခုနှစ် ဂျပန်ခေတ်တွင် ထိပ်တန်းလျှို့ဝှက် ဖက်ဆစ်ဆန့်ကျင်ရေး မြေအောက် လုပ်ငန်း အဝဝကို ခင်ပွန်းဖြစ်သူ ဦးချစ်မောင်နှင့်အတူ ဆောင်ရွက်ခဲ့သည်။ ဂျပန်ခေတ်တွင် ပထမဆုံး ဝတ္ထုရှည်အဖြစ် အဖြူ ဝတ္ထုကိုရေးသားခဲ့သော်လည်း စစ်ပြီးခေတ်မှ ထုတ်ဝေခဲ့သည်။ သူမ ဝတ္ထုကို အရင် ထုတ်ဝေသည်။ (၁၉၄၆)ခုနှစ် ဧပြီ (၃)ရက်နေ့တွင် ခင်ပွန်းသည်ဂျာနယ်ကျော်ဦးချစ်မောင် ကွယ်လွန်သည်။ ဦးချစ်မောင် ကွယ်လွန်ပြီးနောက် ဂျာနယ်ကျော်မဂ္ဂဇင်းခေါင်းကြီးပိုင်းများကို အများဆုံး ရေးသားခဲ့သည့်အပြင် အပတ်စဉ်မပြတ် ထုတ်ဝေခဲ့သည်။

(၁၉၄၇)ခုနှစ်တွင် အမျိုးသမီးကလောင်ရှင်အသင်း ဒုတိယဥက္ကဋ္ဌနှင့် ကလောင်ရှင်မဂ္ဂဇင်း တာဝန်ခံအယ်ဒီတာအဖြစ်ဆောင်ရွက်ခဲ့ပါသည်။

(၁၉၄၈–၄၉)ခုနှစ်တွင် မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သည်။

(၁၉၅၅) ခုနှစ် နယူးဒေလီမြို့ အာရှတိုက် စာရေးဆရာများ ကွန်ဖရင့်သို့ တက်ရောကခဲ့သည်။ (၁၉၅၈) ခုနှစ်တွင် အဏုမြူဆန့်ကျင်ရေး ကွန်ဖရင့်ကိုယ်စားလှယ်အဖြစ် ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့သည်။ (၁၉၅၉)ခုနှစ် မေလ(၁၄)ရက်နေ့တွင် ဦးအောင်ဇေယျနှင့် အိမ်ထောင်ပြုသည်။ ထိုနှစ်မှာပင် ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက်တွင်ဦးဆောင်ဆွေးနွေးသူအဖြစ်ပါဝင်ခဲ့သည်။

(၁၉၆၁–၆၂)ခုနှစ်တွင် မြန်မာနိုင်ငံစာရေးဆရာစာပေကလပ် အတွင်းရေးမှူး တာဝန်များကို ထမ်းဆောင်ခဲ့သည်။

(၁၉၇၉) ခုနှစ်တွင် ဂျပန်နိုင်ငံ၌ပြုလုပ်သော နိုင်ငံတကာဘာသာပြန် စာပေပြိုင်ပွဲတွင် နိုင်ငံပေါင်းစုံမှ ဝင်ရောက်ယှဉ်ပြိုင်ရာ စာအုပ်ရေ (၂၀၀၀)ကျော် ရှိသည့်အနက် သွေးဝတ္ထု ဘာသာပြန် စာအုပ်သည် ပထမဆုရခဲ့သည်။ (၁၉၈၀)ပြည့်နှစ် ဂျပန်နိုင်ငံ အစိုးရက မူရင်းစာရေးဆရာကို ဂုဏ်ပြုသည့်အနေဖြင့် စာပေသံတမန်အဆင့်နှင့် ဂျပန်နိုင်ငံသို့ ဖိတ်ကြားသဖြင့် (၁၉၈၀)ပြည့်နှစ် အောက်တိုဘာလ (၂)ရက်နေ့မှစ၍ (၁၅)ရက် သွားရောက်ခဲ့သည်။

ဂျာနယ်ကျော်မမလေး၏ ကလောင်အမည်များနှင့် ပတ်သက်၍ လှတခိုင် ဟူ၍ မဂ္ဂဇင်း တစ်ခုတွင် တစ်ခါသာ သုံးခဲ့သည်။ မြန်မာ့အလင်းသတင်းစာတွင် ဘိုကလေးမတင်လှိုင်၊ ရဝေလှိုင် အမည်တို့ဖြင့် ဆောင်းပါးများ ရေးသားခဲ့သည်။ ဂျာနယ်ကျော်ထုတ်ဝေသောအခါ ဂျာနယ်ကျော် မမလေး အမည်စတင်ခံယူ၍ ဝတ္ထု၊ ဆောင်းပါးများ ရေးသည်။ နောင်အခါတွင်

ဂျာနယ်ကျော်မမလေး ဟူသော ကလောင်အမည် တစ်ခုတည်းကိုသာ ဆက်လက်သုံးစွဲသည်။ (၁၉၈၂) ခုနှစ် ဧပြီလ (၆)ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။[၁]

ဂျာနယ်ကျော်မမလေး၏ ထင်ရှားသောစာအုပ်များမှာ သူမ (၁၉၄၅)ခုနှစ်၊ မုန်း၍မဟူ (၁၉၉၅ခု စာပေဗိမာန်ဆုရစာအုပ်) (၁၉၅၅)ခုနှစ်၊ သွေး (၁၉၇၅)ခုနှစ် ဝတ္ထုရှည်စာအုပ်များနှင့် တွေးတစိမ့်စိမ့် (၁၉၆၃ ခုနှစ် အနုပညာစာပေဆု ဝတ္ထုတိုပေါင်းချုပ် တတိယဆု) (၁၉၅၈)ခုနှစ်၊ လုတစ်မျက်နှာ ဝတ္ထုတိုများ (၁၉၆၄)ခုနှစ် နှင့် ဝတ္ထုရှည်များနှင့် ဆောင်းပါးစာအုပ်များ၊ သူလိုလူ (၁၉၄၇)ခုနှစ်နှင့် မာလာရီ (၁၉၇၉)ခုနှစ် အတ္ထုပ္ပတ္တိစာအုပ်များနှင့် ဘာသာပြန်ဆောင်းပါးများ အခြားဝတ္ထုရှည်၊ ဝတ္ထုတိုများကို ရေးသားပြုစုခဲ့သည်။

## ၂။ ဇာတ်လမ်းအကျဉ်း နှင့် ဦးတည်ချက်

"မြက်ကလေးတစ်ပင်" ဝတ္ထုတိုတွင် မြက်ကလေးတစ်ပင်သဖွယ် အားကိုးရာမဲ့ ဂုဏ်ခြံပ် ကင်းမဲ့သော အညတရ မိဘမဲ့ ညုပ်စိဘဝကို ရေးသားထားသည်။အိမ်ကြီးရှင်ဒေါ်ခင်မမနှင့် ခင်ပွန်းသားသမီးတို့ တစ်အိမ်သားလုံးက ညုပ်စိကို ရိုက်နှက်ကာ မညှာမတာ ခိုင်းစေကြသည်။ မတရားအပြစ်ရှာ၍လည်း အနိုင်ကျင့်ကြသည်။ အလုပ်ကို လက်ဇယ်စက်သလို မတန်တဆလုပ်ရသော်လည်း ကျွေးမွေးရာတွင် စေတနာမပါကြပေ။ နောက်ဆုံးတွင် တစ်အိမ်သားလုံး၏ ညှဉ်းပန်းနှိပ်စက်မှု ဒဏ်ကို ကြောက်ရွံ့သဖြင့် ညုပ်စိသည် မင်းကတော် ဒေါ်ခင်မမအိမ်မှ ထွက်ပြေးခဲ့လေသည်။

ဦးတည်ချက်မှာ ခိုးကိုးရာမဲ့ အိမ်စေကလေးငယ်လေးတို့၏ ဘဝကို အိမ်ကြီးရှင်တို့က နားလည်ပြီး လူသားအချင်းချင်း စာနာစိတ်၊ မေတ္တာစိတ်၊ ကြင်နာစိတ်ထားကြရန် အိမ်စေထားသော အိမ်ကြီးရှင်များကို အကြံပြုလိုခြင်း ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

"လုတစ်မျက်နှာ" ဝတ္ထုတိုတွင် မယ်တက္ကသိုလ်ဘွဲ့ရ လုမြတသက်မှုနှင့် ဘိလပ်ပြန် ကိုဘမောင် အကြောင်းကိုဖွဲ့ထားသည်။ လုမြတ်သက်မှု၏ အမည်ရင်းမှာ မလှမူဖြစ်သည်။ ကောလိပ်ကျောင်းတွင် မူမူဟုအမည်တွင်၍ ကိုဘမောင်နှင့်လက်ထပ်ပြီးသောအခါ မစ္စစ်ဘမောင် ဖြစ်နေသည်။ ကိုဘမောင်နှင့် မူမူမှာ ရေ့သွားနောက်လိုက်အလွန်ညီကြသည်။ အအိပ်အစားစုံမက်၍ အလုပ်အကိုင် ပျင်းရိပုံချင်း တူညီကြသည်။ ထမင်းစားပြီး နေ့လယ်တစ်နာရီလောက်တွင် တရေးအိပ်ကြသည်မှာ ညနေငါးနာရီ လောက်ထိဖြစ်သည်။ကိုဘမောင်မှာ ဝတ်လုံဆိုင်းဘုတ်ချိတ်ထား၍ ဆယ်ရက်နေမှ တစ်ရက်လောက် ရုံးတက်သည်။ ယောက္ခမများက ကိုယ်ပိုင် စီးပွားရေး လုပ်ငန်းတည်ထောင်ရန် ငွေထုတ်ပေးသည်ကို ငြင်းပယ်သည်။ အလုပ်လက်ကြောတင်းအောင် မလုပ်သူဖြစ်သည်။ ယဉ်ကျေးမှုအဖွဲ့နှင့် မိတ်ဆက် တွေ့ဆုံရန် သံရုံးမှဖိတ်စာရသည်။ ညည့်ခံပွဲတွင် မူမူသည် ကြိုးပြတ်နေသော ဘော်လီကြိုးကို တွယ်ချိတ်နှင့် ပြီးစလွယ်တွယ်ကာ ဝတ်စားလာသည်။ ယဉ်ကျေးမှုအဖွဲ့မှ အတီးအမှုတ်များကို သဘောကျသဖြင့် အားရပါးရလက်ခုပ်တီးလိုက်ရာ ဘော်လီကြိုးပြတ်ပြီး လူပုံအလယ်အရှက်ကွဲရသည်။

---

[၁] ဂျာနယ်ကျော်မမလေး၏ အတ္ထုပ္ပတ္တိကို နှစ်ဆယ်ရာစုမြန်မာစာရေးဆရာများနှင့် စာစုစာရင်းမှ ကိုးကားဖော်ပြပါသည်။

ဦးတည်ချက်မှာအိမ်ထောင်စုတစ်စုတွင် ပါဝင်သော လင်ယောကျ်ားသည် အိမ်ထောင်၏ တာဝန်ကို ဦးစီးဦးဆောင် ပြုနိုင်ရန်လိုအပ်ကြောင်း၊ အိမ်ထောင်ရှင်မဖြစ်သော မယားဖြစ်သူကလည်း အိမ်ထောင်မှုကိစ္စအဝဝကို စီမံထိန်းသိမ်းတတ်ရန်လိုအပ်ကြောင်းသို့မှသာ သာယာသော အိမ်ထောင်ရေး တည်ဆောက်နိုင်မည်ဖြစ်ကြောင်း ဖော်ပြလိုသော ဦးတည်ချက်ဟု ဆိုနိုင်ပါသည်။

"အားမကျပေါင်ရှင်" ဝတ္ထုတိုတွင် အိပ်ဖို့နှင့်စားဖို့သာသိသော မိန်းမပျင်း၊ မိန်းမဖျင်း မာလီကုလား စွပ်ပရား၏ မယားဖြစ်သူ အုန်းစိန်၏ စရိုက်သဘာဝကိုတင်ပြထားသည်။ အုန်းစိန်သည် စွပ်ပရား၏ မယားဖြစ်ပြီးနောက် စိတ်ကြီးဝင်နေသည်။ လင်ဖြစ်သူ စွပ်ပရားက အလုပ်မသွားမီ ဆန်ပြုတ်ပြုတ်၊ ထမင်းအိုးတည်၊ ပဲဟင်းအိုးတည်ပြီးမှ သွားသည်။

အုန်းစိန်မှာ စန်ပြားအမည်ရှိသောသားတစ်ယောက်ရှိသော်လည်း ဘာအလုပ်မှ မလုပ်၊ အိမ်တွင် အိပ်လိုက်စားလိုက်နှင့် စည်းစိမ်ယစ်နေသည်။ မိမိအိမ်နှင့် ခပ်လှမ်းလှမ်းတွင လမ်းပြင်နေသော အလုပ်သမားမိန်းမတသိုက်ကို ကြည့်ကာ အောက်ကျနောက်ကျ နိုင်သည်ဟု တွေးမိသည်။ လမ်းပြင် နေသော မိန်းကလေးတို့ကမူ မြန်မာအမျိုးသမီးဖြစ်လျက် ကုလားကိုလင်လုပ်ကာ ပျင်းပျင်းရိရိနှင့် မယားဝတ္တရား မကျေသော အုန်းစိန်ကို ဂရုမစိုက်ဘဲ ကဲ့ရဲ့ရှုတ်ချပြစ်တင်ဝေဖန်ခဲ့ကြသည်။

ဦးတည်ချက်မှာ မြန်မာအမျိုးသမီးများသည် ဆင်းရဲသောကြောင့် လူမျိုးခြားကိုယူပြီး ဘဝထွက်ပေါက် ရှာခြင်းကို အားမကျသင့်ကြောင်း၊ ဆင်းရဲသော်လည်း ကိုယ့်အားကိုယ်ကိုးကာ ဝမ်းစာရှာဖွေပြီး ဘဝကိုရုန်းကန်ခြင်းသည် ဂုဏ်ယူစရာဖြစ်ကြောင်း အသိပေးလိုခြင်းဖြစ်ပါသည်။

"ကာဖီ" ဝတ္ထုတိုတွင် ဒရဝမ်ဦးချက်ကြီး နှင့် ဒေါ်လုံမကြီးတို့၏ ကြေကွဲဖွယ်ဘဝအခြေအနေ ကို ရေးသားထားသည်။ ဦးချက်ကြီး၏ဇနီး ဒေါ်လုံမကြီးသည် လူခ|မ်းသာများထံတွင် နင်း၊ နှိပ်၊လျှော်ဖွတ်၊ ချက်ပြုတ် စသောအောက်ခြေသိမ်းအလုပ်များကို လုပ်ပေးရင်း အိမ်ကြီးရှင်တို့ပေးသော သဒါကြေးနှင့်ဖြစ်သလို စားသောက်ကြရသည်။ဒရဝမ်ဦးချက်ကြီး မကျန်းမာသောအခါ ဆေးကုသ ရန်ငွေမရှိ၊ ဝယ်စရာ ဓာတ်စာဖိုးမရှိဖြစ်ရသည်။ ဦးချက်ကြီး သေခါနီး သောက်ချင်လှပါသည်ဆိုသော ကာဖီတစ်ခွက်လောကကိုပင် ငွေမရှိ၍ မတိုက်နိုင်ပေ။ ဦးချက်ကြီး သေဆုံးသွားသောအခါ လူချမ်းသာ အမျိုးသမီး ခင် က နာရေးသတင်းလာမေးသည်။ဒေါ်လုံမကြီးသည် ခင် တို့အိမ်တွင် လက်တို လက်တောင်း ကူညီလုပ်ကိုင်ပေးဖူးသူဖြစ်သည်။ နာရေးသတင်းလာမေးသော ခင်က ကူညီပေးမည် ငွေကြေးအပေါ်အားကိုးမျှော်လင့်သည်။ သို့သော် ခင်ကငွေကြေးကူညီရာတွင် မျှော်မှန်းသကဲ့သို့ ဖြစ်မလာသောအခါ ဒေါ်လုံမကြီးမှာ စိတ်ပျက်ဝမ်းနည်း ဖြစ်ရသည်။ ဉးချက်ကြီးမသေခင် သောက်ချင်လှသော ကော်ဖီကို မတိုက် လိုက်ရသောကြောင့် ဝမ်းနည်း ပူဆွေးကာ ငိုယိုနေပေသည်။

ဦးတည်ချက်မှာဆင်းရဲသော မိသားစု၏ နိမ့်ကျချို့တဲ့သောဘဝကို ငွေရှင်ကြေးရှင်တို့သည် နားလည် စာနာကာ မေတ္တာရှေ့ထား၍ ကူညီရိုင်းပင်းသင့်ကြောင်း အသိပေးလိုခြင်း ဖြစ်ပါသည်။

## ၃။ ဂျာနယ်ကျော်မမလေး၏ "လှတစ်မျက်နှာ" ဝတ္ထုတိုများမှ အမျိုးသမီး ဇာတ်ဆောင်စရိုက်အဖွဲ့များ

ဇာတ်ဆောင်ဆိုသည်မှာ ဝတ္ထုဇာတ်လမ်းဖြစ်ပေါ်စေရန် ဇာတ်လမ်းတွင် ပါဝင် သရုပ်ဆောင် ရသူဖြစ်သည်။ ဇာတ်ဆောင်များသည် လူ့ပတ်ဝန်းကျင်မှ လူများနှင့် တူလေလေ ဇာတ်ဆောင်ဖန်တီးမှုအားကောင်းလေလေဖြစ်သည်။

ဇာတ်ဆောင်စရိုက်ကို မြန်မာအဘိဓာန်တွင် –

"စရိုက်/ ဇယိုက်/ န-အပြုအမူ၊ အလေ့အကျင့်"[၁]

ဟူ၍ လည်းကောင်း၊ မောင်ထင်က –

"ဘဝကို သရုပ်ဖော်ရာ၌ စရိုက်သည်အဓကဖြစ်၏။ စရိုက်ဟူရာ၌

ကျား၊မ မရွေးကြီးငယ်မဟူ လူအားလုံးတို့၏ စရိုက်ကိုဆိုလိုပါသည် "[၂]

ဟူ၍ လည်းကောင်း၊ အောင်သင်းက –

"ဇာတ်ဆောင်တစ်ဦး၏ စရိုက်ဟု ဆိုလျှင် သာမာန်အားဖြင့်သူ၏

ကိုယ်၊ နှုတ်၊ နှလုံး ကံသုံးပါးအမူအရာအလေ့အထကို ဆိုလိုပါသည်။"[၃] ဟူ၍လည်းကောင်း ဖွင့်ဆိုထားပါသည်။

ထို့ကြောင့် 'ဇာတ်ဆောင်စရိုက်' ဆိုသည်မှာ ဝတ္ထုတစ်ပုဒ်တွင် ပါဝင်သောလူ သို့မဟုတ် သက်ရှိအရာတို့ ၏ ကံသးပါးအပြုအမူတို့ကို သဘာဝကျအောင် လူ့လောကကို တုပ၍ အနုပညာမြောက်အောင် ပုံဖော်ထားမှုကို ဆိုလိုပါသည်။

ဇာတ်ဆောင်စရိုက်ဖန်တီးမှုအတတ်ပညာနှင့် ပတ်သက်၍ သူရိယကန္တိက–

"(၁)ဇာတ်လိုက်တို့၏သဏ္ဌာန် သရုပ်ကို စာရေးဆရာက တိုက်ရိုက်ရေးသားဖော်ပြခြင်း

(၂) ဇာတ်လမ်းသယ်ယူသွားရာတွင် ၎င်းတို့၏သဏ္ဌာန်သရုပ်ကို အရိပ်နိမိတ်ဖြင့် ဖော်ပြခြင်း၊

(၃) ၎င်းတို့တစ်ဦးနှင့်တစ်ဦး အချီအချ ပြောစေသောအားဖြင့် သဏ္ဌာန်သရုပပေါ်စေခြင်း၊

(၄) ၎င်းတို့၏ အလေ့အကျင့်ဟန်ပန်အမူအရာများကိုဖော်ပြ၍ သဏ္ဌာန်သရုပ်ပေါ်စေခြင်း"[၄]

ဟူ၍ ဇာတ်ဆောင်စရိုက် ဖန်တီးမှုအတတ်ပညာနည်း(၄)နည်းကို ဖော်ပြထားပါသည်။

မြန်မာစာပါမောက္ခမင်းသုဝဏ် (ဦးဝန်)က –

"(၁) ဇာတ်လိုက်၏ သဘာဝကို ဝတ္ထုဆရာကတိုက်ရိုက်ပြောပြသောနည်း

(၂) ဇာတ်လိုက်တစ်ဦး၏ သဘာဝကို အခြားသောဇာတ်လိုက်တို့ ၏အပြောအဆို အယူအဆဖြင့် လည်းကောင်း၊ ထိုဇာတ်လိုက်တို့၏ ပြုမူဆက်ဆံပုံများဖြင့် လည်းကောင်း ဖော်ပြသောနည်း

---

[၁]မြန်မာအဘိဓာန်၊ ၁၉၉၁၊ ၉၂။

[၂]ထင်၊ မောင်၊ ၁၉၈၁၊ ၂၂၀

[၂] အောင်သင်း၊ ၁၉၉၄၊ ၄၃။

[၄]သူရိယကန္တိ၊ ၁၉၆၇၊ ၂၀၅။

> (၃) ဇာတ်လိုက်၏ ကိုယ်၊ နှုတ်၊ နှလုံး အမူအရာများကို စာဖတ်သူစာနာသူတို့ကိုယ်တိုင် မိမိတို့၏ စိတ်မျက်စိ၊ စိတ်နားတို့၌ အလိုအလျောက် မြင်လာထင်လာ ကြားလာ အောင်ဖွဲ့သောနည်း"[၁]

ဟူ၍ ဇာတ်ဆောင်စရိုက်ဖန်တီးသောနည်း (၃) နည်းကိုတင်ပြထားပါသည်။

ဂျာနယ်ကျော်မမလေးသည် လူ့သဘော၊ လူ့စရိုက်၊ လူ့သဘာဝကို ရုပ်လုံးပေါ်အောင် သရုပ်ဖော်ရာတွင်ဇာတ်ဆောင်တို့၏ ပြုမူလှုပ်ရှားမှု၊ အတွေးခံစားမှု၊ ကိုယ်စိတ်နှလုံး သုံးပါး၏ အမူအရာများကို စာဖတ်သူ၏ စိတ်မျက်စိ၊ စိတ်နားတွင် မြင်ယောင်ယောင် ကြားယောင်ယောင် ဖြစ်ပေါ်ခံစားလာရအောင် ရေးဖွဲ့သောနည်းကို အသုံးပြုထားသည်။ ထိုသို့ အသုံးပြုရာတွင် စာရေးသူက တိုက်ရိုက်ဖော်ပြသောနည်းကိုအသုံးပြု၍ လူတန်းစားအလွှာအသီးသီး၏ စရိုက်ကို သရုပ်ဖော်ထား ကြောင်း တွေ့ရသည်။

## ၃၊ ၁။ မြက်ကလေးတစ်ပင်ဝတ္ထုတိုမှ အမျိုးသမီးဇာတ်ဆောင်စရိုက်အဖွဲ့

ဂျာနယ်ကျော်မမလေးသည် " မြက်ကလေးတစ်ပင်" ဝတ္ထုတွင် ဇာတ်ဆောင်ဒေါ်ခင်မမ၏ စရိုက်ကို ဦးစားပေး၍ ရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။

ဒေါ်ခင်မမသည် အိမ်၌အခိုင်းအစေပြုလုပ်ရန် ညှပ်စိကို ဝယ်ယူသည်။ ဈေးထဲတွင် ဘဲကောင်ဝယ်သလို လက်မောင်းနှင့်ပေါင်တံကို မျက်စိကစားရင်း ရောင်းဈေးကို မေးကာ ၃၀ကျပ်နှင့် ဈေးဆစ်၍ဝယ်ခဲ့သည်။ ဒေါ်ခင်မမက ညှပ်စိကို မိဘအမည်မေးရာ ညှပ်စိမှာ မဖြေတတ်ဘဲ ဖြစ်နေသည်။ ညှပ်စိမှာ မိဘမဲ့ကလေးဖြစ်သည်။ မိခင်ဖခင်ကို မမြင်ဖူးခဲ့ပေ။ မိဘမဲ့ ကလေး ညှပ်စိအပေါ် ဒေါ်ခင်မမသည် သားသမီးချင်းစာနာမှုမရှိပုံ၊ ကြမ်းတမ်းရက်စက်ပုံကို ဝတ္ထုတွင်

> "ညှပ်စိသည် မျက်နှာပုပ်ပုပ်ဖြင့် မည်သူ့ကိုမျှ မကြည့်ဘဲ ကြမ်းကို စိုက်ကြည့်ကာ မဖြေဘဲနေ၏။ ခင်မမသည် "အာဂလာတဲ့ ကောင်မလေးပါလား" ဟု ထောင်းကနဲဖြစ်သွားကာ ညှပ်စိရှေ့၌ ခါးထောက်၍ကြည့်လိုက်၏။
> "ညှပ်စိ"
> "ဘာတုန်း"
> ဖြန်း ....
> ပထမဆုံးအကြိမ် ခင်မမ၏ လက်ဝါးသံဖြစ်၏
> ညှပ်စိ၏ နာမည်ကိုကြား၍ လီလီသည် တခစ်ခစ်ရယ်နေ လေသည်။မိုက်ကယ်ကလည်း လိုက်ရယ်သည်။ ဖြန်းကနဲ အသံ ထွက်လျှင် အရယ်ရပ်သွားကြကာ ညှပ်စိအားစိုက်ကြည့်နေကြပြန် ၏။ ညှပ်စိသည် အသံထွက်အောင် အော်ငိုလိုက်သည်။
> ဖြန်း .... ဖြန်း .... ဖြန်း ....
> ဤအကြိမ်တွင် သုံးချက်ဖြစ်သွားသည်။ ထိုသုံးချက်သည် ညှပ်စိ အားနောက်ထပ်အသံမထွက်ဝံ့ တော့ပေ။

[၁] ဝန်၊ ဦး၊ ၁၉၆၄၊ အမှာစာ

> “တိတ် ကောင်းကောင်းပြော။ နင့်အဖေ အမေ ဘယ်သူလဲ”
> ညှပ်စိသည် ရှိုက်လျက် ရှိုက်လျက် “မသိဘူး” ဟု ဆိုလေသည်။
> လီလီသည် သဘောခွေ့၍ တခစ်ခစ် ရယ်ပြန်လေသည်။”[၁]

ဟုတွေ့ရသည်။

အိမ်သစ်၊ လူသစ်များထံ ရောက်လာ၍ ကြောက်ရွံ့ထိတ်လန့်နေသော မိဘမဲ့ကလေးငယ်ကို ငွေဖြင့် ဝယ်ယူပြီး မတရားနှိပ်စက် ညှဥ်းပန်းတတ်သော အိမ်ရှင်ဒေါ်ခင်မမ၏ လူကိုလူလိုမမြင်သော စရိုက်၊ သားသမီးချင်း မစာနာသော စရိုက်၊ မေတ္တာခေါင်းပါးသော စရိုက်တို့ ပေါ်လွင်ပါသည်။

## ၃၊ ၂။ လှတစ်မျက်နှာဝတ္ထုတိုမှ အမျိုးသမီးဇာတ်ဆောင်စရိုက်အဖွဲ့

“လှတစ်မျက်နှာ” ဝတ္ထုတိုတွင် အဓိက ဇာတ်ဆောင် မလှမူ ခေါ် ဒေါ်မူမူ ခေါ် ဒေါ်လှမြတ်သက်မူ ဖြစ်သည်။ လှမြတ်သက်မူသည် ဘိလပ်ပြန် ကိုဘမောင်နှင့် လက်ထပ်ပြီး အနောက်တိုင်းကိုအတုယူ၍ မစ္စက်ဘမောင် ဖြစ်လာခဲ့သည်။

မူမူသည် တက္ကသိုလ်ပညာကို ဂုဏ်ပကာသနအတွက် သင်ယူသူဖြစ်သည်။ မူမူသည် အိမ်ထောင်သည်တစ်ဦး ဖြစ်သော်လည်း ဖြစ်သလိုနေထိုင်စားသောက်တတ်သည်။ အိမ်ထောင်မှုက မထိန်းသိမ်းတတ်သူ၊ အပျင်းကြီးသူ အဖြစ် မူမူ၏ စရိုက်ကို စာရေးသူက ဖော်ပြသည်။ ဝတ္ထုတွင် မူမူ၏အပျင်းကြီးပုံကို

> “အတွင်းခံပိတ်ထမီသည် အောက်ကခံဝတ်ထားသောအဝတ်ဖြစ်၍ ဖြူဖြူမဲမဲ လူမမြင်ဟု ချုပ်ကတည်းက မလျှော်မဖွတ်ဘဲ ဝတ်ခဲ့သည်မှာ ၅ လလောက် ရှိချေတော့မည်။ တခါတုန်းကကုတင်ခြေရင်း တွင် ပိတ်ထမီကို ကွင်းလုံးပုံ ချွတ်ထားစဉ် ဘလပ်ပြန် ကိုဘမောင်သည်ညစ်မဲနေသော ပိတ်ထမီကို အဝတ်ဟောင်းတစ်ခုအမှတ်ဖြင့် နောက်ပိတ်ဖိနပ် ပွတ်သုတ်သွားခြင်းကြောင့် ဟောင်းရာမှ ပိုညစ်သွားသည်”[၂]
>
> ဟုတွေ့ရသည်။

တစ်ဖန် မူမူ၏ ပျင်းရိပုံ၊ အိပ်ဖို့စားဖို့မှလွဲ၍ ဘာမှစိတ်ဝင်စားမှုမရှိပုံ၊ အိမ်မှုကိစ္စများတွင် တာဝန်မဲ့ပုံနှင့် ပတ်သက်၍ ဝတ္ထုတွင် သရုပ်ဖော်ထားသည်မှာ

> “ကြမ်းပြင်ပေါ်၌ အမှုန့်များ ပက်ဖြူးထားသကဲ့သို့ ဖုံနေသော ဖုတ်တို့သည ဒေါနှင့်မောနှင့် နင်းသွားသော ခြေရာတွေကို ပုံကျကျတသီကြီး ဖော်ပြကြ လေသည်။ မူမူသည် ကုတင်ခြေရင်းရှိ မှန်ခုံရှေ့၌ ရပ်ကာ မှန်ထဲကြည့် လိုက်သည်။ မှန်သားပေါ်၌ အကက်များ အစက်များဖြင့် ရှုပ်ရောမှေးမှိန် နေသဖြင့် အားမရ၍ မျက်နှာကို မှန်နှင့် ကပ်ကာ အားပြု၍ ကြည့်ရလေသည်။”[၃]

---

[၁] မမလေး၊ ဂျာနယ်ကျော်၊ ၁၉၆၄၊ ၁၁–၁၂။

[၂] မမလေး၊ ဂျာနယ်ကျော်၊ ၁၉၆၄၊ ၂၁–၂၂။

[၃] ယင်း–၊ ၄၀။

ဟူ၍ တွေ့ရသည်။ မမူသည် အပျင်းထူသော်လည်း မိန်းမပီပီ လှချင်၏။ လက်သည်းခွံများကို လက်ဆစ် တစ်ဆစ်ခန့် အရှည် မွေး၍ ဆေးဆိုး၏။ မျက်နှာကို လှသထက်လှစေရန် အမြဲဂရုစိုက် ပြင်ဆင်ခြယ်သ တတ်သူဖြစ်သည်။ ဝတ္ထုတွင်

> "နေ့လည်တရေးတဝကြီး အိပ်ထားသောကြောင့် မျက်ခွံကလေးမို့နေသည့်အတွက်ကျေနပ်သွားသည်။ မျက်ခွံအထက်က မျက်ခုံးနှစ်ဖက်မှာ တင်ထားသလို တန်းသွယ်လျက်ရှိနေ၏။ အရင်းတုတ်တုတ်၊ အဖျားသွယ်သွယ် မပါးမထူ ရှိအောင် ဂရုစိုက်လျက်နေ့စဉ်နှင့်အမျှ ပြုပြင်ပေး သည်။ မျက်ခုံးကို ပုံကျမကျ စစ်ဆေးကြည့်ရှုရင်း ကျောင်းနေဘက် မေဂျာဖေသက်ကို သွားသတိရသည်။ မေဂျာဖေသက်မှာ နိုင်ငံခြားသွားမည်ဖြစ်၍ အကယ်၍ ညပွဲ၌ဆုမိကြလျှင် မျက်တောင်မွေးကြီးများ အထက်သို့ ကော့မတင်ပေးနိုင်သော ကိရိယာ တန်ဆာပလာများ မှာလိုက်ဖို့ရာ သတိထားလိုက်လေသည်။"[၁]

ဟုတွေ့ရသည်။

မူမူသည် အလှအပကို စိတ်ဝင်စား၍ ဂရုတစိုက်ပြင်ဆင်ခြယ်သတတ်သော စရိုက်ရှိသူ ဖြစ်ကြောင်း တွေ့ရပါသည်။မူမူသည် အလှအပကိုမြတ်နိုးတွယ်တာတတ်သော်လည်း ကိုယ်ဝတ်သည့် အဝတ်ကိုပင် မလျှော်ချင်အောင် ပျင်းရိသူဖြစ်သည်။ ဝတ္ထုတွင်

> "မူမူသည် နိုင်လွန်အကျႌဝတပြီး မလျှော်ဘဲ ပြန်ခေါက်ထားလိုက်လျှင် ပြန့်ပြီးသားကြောင့်ဘယ်နှစ်ခါ ခေါက်မိလေသည်ကိုပင် မမှတ်မိတော့ချေ။ ဂုတ်က ချီးကြောင်းကြီးများမြင်မှပင် လျှော်ဖွတ်သင့်ပြီးဟု ယူဆသည်။"[၂]

ဟု တွေ့ရသည်။

မူမူသည် အိမ်ထောင်ရှင်မတစ်ယောက်ဖြစ်သော်လည်း မည်သည့်အရာကိုမျှ စည်းစနစ်ကျကျနန ထား၍ ဆောင်ရွက်ခြင်း မရှိချေ။ ဖြစ်သလိုနေကာ ပြီးစလွယ်လုပ်တတ်သူလည်းဖြစ်သည်။ ဝတ္ထုတွင်

> "မူမူ၌ အပ်နှင့်အပ်ချည်လုံးများ အဆင့်သင့်မရှိချေ။ အိမ်၌အပ်နှင့်အပ်ချည်လုံး မရှိမှန်းသိ၍ ဘယ်မှာမှ မရှာတော့ဘဲ ပြုတ်ထွက်သွားသော ဘော်လီ လက်ကြိုးကို ချိတ်ကလေးနှင့် တွယ်ချိတ်ဝတ်သွားရန် ပြီးစလွယ် စဉ်းစားကြည့်လိုက်သည်။ ချိတ်ဘယ်နေရာ ရှိမရှိ စဉ်းစားသည်။ ချိတ်ရှိမည့်နေရာကို သိပ်မစဉ်းစားရချေ။ ဘယ်မှာရှိမှန်း ဒက်ကနဲ့ခေါင်းထဲဝင်လာသည်။ ကုတင်၌ထောင်ထားသော ဇာခြင်ထောင်ကြီးပြဲနေသည့်နေရာကို စုလုံးပြီးချိတ်ကလေးနှင့် တွယ်ထားလေရာ ထိုချိတ်ကိုဖြုတ်ယူရန် ကုတင်မှ ခြင်ထောင်စကို ဆွဲချလိုက်လေ၏"[၃]

ဟုတွေ့ရသည်။

[၁] မမလေး၊ ဂျာနယ်ကျော်၊ ၁၉၆၄၊ ၄၀–၄၁

[၂] ယင်း–၊ ၂၆၇။

[၃] ယင်း–၊ ၄၇။

ဂျာနယ်ကျော်မမလေးသည် “လှတစ်မျက်နှာ” ဝတ္ထုတိုတွင် မျက်နှာတစ်ခုတည်းကိုသာ လှရန်အားထုတ်၍ ပေါ့ပေါ့နေ ပေါ့ပေါ့စား တကိုယ်ရေ သန့်ရှင်းမှုကိုပင် မပြုလုပ်နိုင်သော အိမ်မှုကိစ္စကိုအလေးမထားသော မိန်းမပျင်း၊ မိန်းမညံ့မှုမှု၏ စရိုက်ကိုပေါ်လွင်စွာ ရေးဖွဲ့နိုင်ပါသည်။

## ၃၊ ၃။ အားမကျပေါင်ရှင်ဝတ္ထုတိုမှ အမျိုးသမီးဇာတ်ဆောင်စရိုက်အဖွဲ့

“အားမကျပေါင်ရှင်” ဝတ္ထုတိုတွင် အုန်းစိန်နှင့် စွပ်ပရားတို့၏ စရိုက်အဖွဲ့နှင့် လမ်းဖို့လမ်းပြင်နေကြသော အမျိုးသမီး အလုပ်သမားများ၏စရိုက်ကို တွေ့ရသည်။

အုန်းစိန်သည် မာလီကုလား စွပ်ပရားနှင့် ညားပြီးနောက် စိတ်ကြီးဝင်နေသည်။ မည်သည့်အလုပ်ကိုမျှ မလုပ်ချင် မကိုင်ချင်သူဖြစ်သည်။ အုန်းစိန်၏ အပျင်းကြီးပုံ၊ အအိပ်ကြီးပုံ၊ အစားကြီးပုံ၊ စိတ်ကြီးဝင်ပုံတို့ကို ဝတ္ထုတွင်

> “အုန်းစိန်သည် မနက်မိုးလင်းနေသော်လည်း နေကြီးမြင့်မှ အိပ်ရာကထလေ့ရှိသည်။ အိပ်ရာကထချင်သည့်အချိန်မှ ထရသည့်ဘဝကို ဟုတ်လှပြီဟု ဘဝင်လည်းမြင့်၏။ မာလီကုလား စွပ်ပရားနှင့် ညားပြီးနောက် ငါ့သဘောဟုစိတ်ကြီးဝင်ကာ အအိပ်ကြီးရုံ အအိပ်စုံမက်ရုံသာမက သေးဘဲအစားလည်းကြီး၏။ အစားလည်းစုံမက်၏”[၁]

ဟုတွေ့ရသည်။

အုန်းစိန်သည် အိမ်ရှင်မတစ်ဦးဖြစ်သော်လည်းအိမ်မှုကိစ္စဆို၍ဘာမျှမလုပ်ပေ။ ကိုယ်စားဖို့ကိုယ်မချက်၊ ကိုယ့်အဝတ် ကိုယ်မလျှော်၊ ကိုယ့်ချိုးရေ ကိုယ်မခပ်ချင်အောင်ပျင်းရိသူဖြစ် သည်။အဆုံးတွင် ကိုယ်လိမ်းရန် သနပ်ခါးကိုပင် စွပ်ပရားက သွေးပေးရလေသည်။ အုန်းစိန်၏ ပျင်းရပုံ၊ အိမ်ရှင်မ မပီသပုံ စရိုက်တို့ကို ဝတ္ထုတွင်

> “အုန်းစိန်သည် လမ်းထဲမှ ဦးပဥ္စင်းတွေ ဆွမ်းခံပြန်ချိန်လောက်ရှိမှ အိပ်ရာက ထလိုက်သည်။မျက်နှာကို ကပျာကရာသစ်ကာ ဆန်ပြုတ်အိုးကို ဖွင့်လျက်ဇွန်းနှင့် နှိုက်ခပ်ပြီး အသက်မရှူဘဲ သောက်နေလေသည်။ အိုးအကပ်အရပ်ကို ဇွန်းနှင့် ခြစသောက်၍ ပြောင်သလောက်ရှိမှဆန်ပြုတ်အိုးကို အိပ်ရာဘေးမှ မယူလာကာ မီးဖိုအနီး၌ ပြန်ချလိုက်သည်။”[၂]

ဟုတွေ့ရသည်။

အုန်းစိန်သည် စွပ်ပရားချက်ထားသော ဆန်ပြုတ်အိုးမှ ဆန်ပြုတ်ကိုပင် ပန်းကန်ထဲထည့်မစားနိုင်ဘဲ အိုးထဲတွင် ဇွန်းနှင့်ခပ်စားပုံ၊ စားပြီးသော်လည်း အိုးကို မဆေးဘဲထားပုံတို့ကို ရေးဖွဲ့ထားသည်မှာ အုန်းစိန်၏ ပျင်းရိသောစရိုက်၊ အချောင်ခိုသောစရိုက်ပေါ်လွင်ပါသည်။ စားရန်နှင့်အိပ်ရန်ကိုသာ သိသော မိန်းမပျင်း၊ မိန်းမဖျင်း၏စရိုက်ပေါ်လွင်ပါသည်။

## ၃၊ ၄။ ကာဖီဝတ္ထုတိုမှ အမျိုးသမီးဇာတ်ဆောင်စရိုက်အဖွဲ့

ဂျာနယ်ကျော်မမလေးသည် “ကာဖီ” ဝတ္ထုတွင ဆင်းရဲသား ဒေါ်လုံမကြီးနှင့် ချမ်းသာသော တိုက်ကြီးရှင် ခင်တို့၏ စရိုက်ကို ဦးစားပေး ရေးသားထားသည်ကိုတွေ့ရသည်။

---

[၁] မမလေး၊ ဂျာနယ်ကျော်၊ ၁၉၆၄၊၂၆၇

[၂] -ယင်း-၊၂၉၆-၂၉၇။

ဒေါ်လုံမသည် ဒရဝမ်ဦးချက်ကြီး၏ ဇနီးဖြစ်သည်။ အလုပ်ဟူ၍မယ်မယ်ရရမရှိ။ ချမ်းသာကြွယ်ဝသူတို့၏ အိမ်တွင် ချက်ပြုတ်ဖွတ်လျှော်၍ ခိုင်းသမျှအလုပ်ကို ဝမ်းရေးအတွက် လိုလိုလားလားလုပ်ကိုင်ပေးရင်း ပေးကမ်းသမျှကိုရယူခဲ့သည်။ စားဝတ်နေရေး ပြေလည်ရန်အတွက် မရှက်မကြောက် အလုပ်လုပ်ရပုံကို ဝတ္ထုတွင်

> "အမေ့ကိုတော့ အားနာပါရဲ့ .... ကလေးအနှီးတွေ လျှော်ပေးစမ်းပါ အမေရယ် ဟုပြောက "အားမနာပါနဲ့ သမီးကြီးရဲ့ ခိုင်းစရာရှိလျှင် ခေါ်သာခိုင်း၊ အမေကဘာမှ အလုပ်မရှိတာ သမီးလဲအသိ၊ ဒီပြင်ကော ဘာလျှော်ပေးရအုံးမလဲ ပေး ....သမီး" ဟု လိုတာထက်ပိုအောင် ရွှန်းရွှန်းဝေဝေ ပြောတတ်ဆိုတတ် လုပ်ပေးတတ်၏။ လူကုံထံ အပိုင်းမှ ကိုယ့်သမီးအရွယ်၊ ကိုယ့်သားအရွယ်၊ ကိုယ့်မြေးအရွယ်တွေဖြစ်စေ၊ နှိမ့်ချ ဆက်ဆံဖို့ရန် ဦးမလေးပေ။ ဝတ်ပြတ်လွန်း၍အရွယ်နှင့် မလိုက်အောင် မရှက်မကြောက် အောက်ကျို့ရ လွန်းသည့်အတွက် သည်စိတ်ဓာတ်မှာ အကျင့်ပါနေပြီးသား ဖြစ်၏"[၁]

ဟုတွေ့ရသည်။ ဤတွင် လူဆင်းရဲ ဒေါ်လုံမကြီးသည် မိမိ၏ စားဝတ်နေရေး ကျပ်တည်းလှသဖြင့် အရွယ်နှင့် မလိုက်အောင် မရှက်မကြောက် အောက်ကျို့တတ်သောစရိုက်၊ အပြောအဆို ချိုသာ နှိမ့်ချတတ်သော စရိုက်၊ လူချမ်းသာတို့ ခိုင်းစေသမျှကို မညည်းမညူ လုပ်ပေးတတ်သော စရိုက်တို့ကိုတွေ့ရသည်။

ဒေါ်လုံမကြီး၏ခင်ပွန်း ဦးချက်ကြီးဆုံးသွား၍အသုဘလာမေးသော ခင်မှာ ငွေရှင်ကြေးရှင်ဖြစ်သည်။ အိမ်ချင်းကလည်း ကပ်လျက်ဖြစ်ကြသည်။ ဒေါ်လုံမကြီးက 'ခင်'၏ အလုပ်များကိုကူညီလုပ်ကိုင်ပေးဖူးသည်။ ထိုအကြောင်းများကြောင့် 'ခင်' ၏ အသုဘကူငွေကို အားကိုးမျှော်လင့်သည်။ စိန်နှင့်မြနှစ်ပါးသွား လက်ကောက်ကိုဝတ်ထားသောခင်သည် အသုဘအတွက် ငွေကူရန် ချွေးခံအင်္ကျီကို နှိုက်နေသည်။ လက်ကောက်မှစိန်ရောင် မြရောင်တို့မှာ တစ်ချက်တစ်ချက် မျက်စိကျိန်းသွားသည်။ ဒေါ်လုံမကြီးသည် အိတ်နှိုက်နေသောသူကို အသနားခံထားသော မျက်နှာမှာ တမဟုတ်ချင်း ဆီးရွက်လောက်ငယ်သွားလေသည်။ အိတ်ထဲမှာ ငွေကိုစမ်းနှိုက်နေရသဖြင့် လက်မှာတော်တော်နှင့်ထွက်မလာသေးပေ။ ဒေါ်လုံမကြီးသည် မျှော်လင့်ချက်အားကိုးချက်ဖြင့် အားတကသရော မြူးလာသလိုခံစားရသည်။ ထို့နောက် မိမိမျှော်မှန်းသကဲ့သို့ ဖြစ်မလာသဖြင့် အားလျော့ စိတ်ပျက်သွားပုံကို

> "လက်ညှိုးလက်မနှစ်ချောင်းဖြင့် ချွေးခံအိပ်ထဲမှ ညှပ်ကိုင် နှိုက်ထုတ်ယူလိုက်သော ငွေစက္ကူငါးရွက်သည်အပြင်သို့ တစ်ကြိမ်တည်း ထွက်မလာကြဘဲ တစ်ရွက်စီ တစ်ကြိမ်စီ ပေါင်ပေါ်သို့ ထွက်ကျလာကြ၏။ ပေါင်ပေါ်၌ငွေစက္ကူရက်စေ့သွားသောအခါ လျှင်မြန်စွာ စုထပ်ယူလျက် ဒေါ်လုံမကြီးကို "ဘကြီးချက်အတွက် ကူပါတယ်" ဟု ညင်သာပျော့ပြောင်းသောအသံလေးဖြင့် ပြောကာ မသာကူငွေ ငါးကျပ်ကိုကမ်းပေးနေ၏။
> တစ်ချိန်လုံးရင်ခေါင်းတက်၍ ပြည့်သိပ်ရှလှုပ်နေကြသည့် တွေးလုံး ထင်လုံးတို့သည် မတင်မကျနှင့် ရင်ထဲ၌ နင်သွားလေ၏။ ဤသို့သော အသက်အရွယ်နှင့် ကိုယ့်အိမ်မာ လက်တိုလက်ရှည် ကူဖော်လောင်ဖက် လုပ်ကိုင်ပေးဖော်ရတာတွေ ထောက်ထားကြကာ မသာအတွက် သူတို့အခြေအနေနှင့် ကူငွေ ၁၀ကျပ်လား၊ ၂၀ကျပ်လား ဟူသော တွေးလုံး

---

[၁] မမလေး၊ ဂျာနယ်ကျော်၊ ၁၉၆၄၊ ၂၉၆–၂၉၇။

[၂] –ယင်း–၊ ၃၀၁–၃၀၄။

> ထင်လုံးတို့သည် မွန်နေသဖြင့် ဒေါ်လုံမကြီးမှာ ကိုယ့်အခြေအနေကို ကိုယ်မေ့နေခဲ့၏။ မမိအားကမ်းပေးနေသော ငွေ ၅ ကျပ်ကိုလှမ်းယူ လိုက်ရမှာလောက် စိတ်ဆင်းရဲရတာမရှိ။ အကူငွေ ပေးကမ်းနေတာ ငြင်းပယ်လို့လည်းမဖြစ်နိုင်။ မျက်နှာငယ်လှသည့် ကိုယ်ဘဝကို ရှက်ရှက်နှင့် မလှမ်းနိုင်လှမ်းနိုင် လှမ်းယူရကာ“အရပ်ကောင်းတော့ အလောင်းလှပါတယ် သမီးကြီးရယ်” ဟုခေါင်းကိုမဖော်နိုင်ဘဲ ကူတဲ့လူကျေနပ်အောင် အောင့်သက်သက် ပြန်ပြောလိုက်ရလေ၏။”[၁]

ဟုတွေ့ရသည်။

ဒေါ်လုံမကြီးသည် ဆင်းရဲဒုက္ခရောက်နေချိန်တွင် သူတစ်ပါးအပေါ် အားကိုးမျှော်လင့်ပုံ၊ မိမိမျှော်မှန်းထားသကဲ့သို့ ဖြစ်မလာသောအခါ ဝမ်းနည်းစိတ်ပျက်သွားပုံနှင့် ငွေကြေးချမ်းသာသလောက် စေတနာသဒ္ဒါတရားနည်းပါးသော လူချမ်းသာ‘ခင်’၏ စရိုက်ကို ပေါ်လွင်အောင်ရေးဖွဲ့ ထားပါသည်။

ဂျာနယ်ကျော်မမလေးသည် ဇာတ်ဆောင်စရိုက်များကို ရေးဖွဲ့ရာတွင် ဝတ္ထုဆရာက တိုက်ရိုက် ပြောပြသောနည်းကိုသာ အသုံးပြုထားပါသည်။ ဂျာနယ်ကျော်မမလေးသည် မိမိကျင်လည်ရာဘဝ ပတ်ဝန်းကျင်ရှိ လူအမျိုးမျိုးတို့၏ စရိုက် သဘာဝကိုရေးဖွဲ့နိုင်ပါသည်။ ဒဌမမ္ဘလူ့လောကတွင် အမှန်တကယ်တွေ့ရှိနိုင်သော လူသား တို့၏ စရိုက်အမှန်များကို ပေါ်လွင်အောင်သရုပ်ဖော်နိုင်သည်ဟု သုံးသပ်မိပါသည်။

## ခြုံငုံသုံးသပ်ချက်

ဂျာနယ်ကျော်မမလေး၏ ‘လှတစ်မျက်နှာ’ ဝတ္ထုတိုများမှ အမျိုးသမီးဇာတ်ဆောင်စရိုက်များကို ကြည့်လျှင် လူအလွှာအသီးသီး၏စရိုက်များကို ပီပီပြင်ပြင် သရုပ်ဖော်နိုင်သည်ကို တွေ့ရပါသည်။ ‘မြက်ကလေးတစ်ပင်’ ဝတ္ထုတွင် မင်းကတော် ဒေါ်ခင်မမ၏ စရိုက်၊ ‘လှတစ်မျက်နှာ’ ဝတ္ထုတွင် မူမူ၏စရိုက်၊ ‘အားမကျပေါင်ရှင်’ ဝတ္ထုတွင် အုန်းစိန်၏ စရိုက်၊ ‘ကာဖီ’ ဝတ္ထုတွင် ဒေါ်လုံမကြီး၏ စရိုက်တို့ကို ရေးဖွဲ့ထားသည်မှာ ပီပြင်ပြောင်မြောက်လှပေသည်။ စာရေးသူ၏တိုက်ရိုက်ဖော်ပြသောနည်းကို အသုံးပြု၍ ဇာတ်ဆောင်တို့၏ ကိုယ်၊ နှုတ်၊ နှလုံး အမူအရာများကိုစာဖတ်သူတို့ကိုယ်တိုင် မိမိတို့၏စိတ်မျက်စိ၊ စိတ်နားတို့၌ အလိုအလျောက် မြင်လာထင်လာကြားလာ အောင်ရေးဖွဲ့နည်းကို အသုံးပြုထားသည်။ ဆင်းရဲသူ၊ ချမ်းသာသူ ဂုဏ်ရှိသူ၊ ဂုဏ်မဲ့သူ၊အပျင်းကြီးသူ၊ အလုပ်မလုပ်ချင်သူ အမျိုးသမီးများ၏ စရိုက်သဘာဝအမျိုးမျိုးကို အသေးစိတ်ရေးဖွဲ့ထားရာ ဖတ်ချင်စဖွယ် ကောင်းလှပေသည်။ နှစ်သက်ခြင်းရသခံစားရသည်အပြင်ဘဝအာနိသင် ရသကိုပါ ခံစားရပါသည်။ လူ့လောက၊ လူ့သဘာဝကို အာရုံပြု၍ ဆင်ခြင်မိစေသဖြင့် ဘဝအသိအမြင်ကို ရရှိစေပါသည်။ ဂျာနယ်ကျော်မမလေး၏ အခြားဝတ္ထုတိုများကိုလည်း လေ့လာ၍ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံဝန်းကျင် ဖန်တီးမှုတို့ကိုလေ့လာဖော်ထုတ်၍ သုတေသနစာတမ်းများ ရေးသားရန်အတွက် အကြံပြုပါသည်။ ဤစာတမ်းတွင် သုတေသန ဆောင်ရွက်ချက်၊ အထောက်အထားများ အားနည်းချက်၊ လအပ်ချက်များရှိပါက တောင်းပန်ပါသည်။

## နိဂုံး

ဂျာနယ်ကျော်မမလေးသည် မြန်မာစာပေလောကတွင် စာပေတာဝန်ကို ရှေ့တန်းမှစွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်နိုင်သူဖြစ်သည်။ ဂျာနယ်ကျော်မမလေး၏ 'လှတစ်မျက်နှာ' ဝတ္ထုတိုများမှ အမျိုးသမီးဇာတ်ဆောင်စရိုက်အဖွဲ့များကို လေ့လာ၍ ဂျာနယ်ကျော်မမလေး၏ အမျိုးသမီး ဇာတ်ဆောင်စရိုက်အဖွဲ့ ကျွမ်းကျင်ထက်မြက‌ပုံကို သိရှိရပါသည်။ ထို့ပြင် မိမိပတ်ဝန်းကျင်ရှိ လူသားများ၏အကောင်း၊ အဆိုး၊ အကျိုး၊ အပြစ်ကို သတိနှင့် သုံးသပ်ဆင်ခြင်မိစေပါသည်။

## ကျမ်းကိုးစာရင်း


ထင်၊ မောင်။ (၁၉၈၁)။ *ဘဝသရုပ်ဖော်ဝတ္ထုရှည်စာတမ်းများ (ဒုတိယတွဲ)*။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)စာတည်းအဖွဲ့။ (၂၀၀၃)။ *၂၀ရာစု မြန်မာစာရေးဆရာများနှင့်စာစုစာရင်း*။ရန်ကုန်၊ ချိုတေးသံစာပေတိုက်။

မမလေး၊ ဂျာနယ်ကျော်။ (၁၉၆၄)။ *လှတစ်မျက်နှာဝတ္ထုတိုများ*။ ရန်ကုန်၊ ဂျာနယ်ကျော်ပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၁၉၉၁)။ *မြန်မာအဘိဓာန်*။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

ဝန်၊ ဦး။ (၁၉၆၄)။ *ဦးပုည၏ဝတ္ထုလေးပုဒ်အမှာစာ*။ရန်ကုန်၊ ရန်ကုန်တက္ကသိုလ်စာပုံနှိပ်တိုက်။

သူရိယကန္တိ။ (၁၉၆၇)။ *ဝတ္ထုရေးလိုသော် (ဒုကြိမ်)*။ ရန်ကုန်၊ ချိုးဖြူပုံနှိပ်တိုက်။

အောင်သင်း။ (၁၉၉၄)။ *ဝတ္ထုရေးရာဆောင်းပါးများ*။ ရန်ကုန်၊ ရေတမာပုံနှိပ်တိုက်။